ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

တပ်ကုန်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်


# Village Development Plan (VDP)

ရှားတုန်းအိုင်ကျေးရွာ၊မကျီးပင်ကျေးရွာအုပ်စု


(၁၇-၃-၂၀၁၆) ရက်နေ့

| မာတိကာ | | |
|---|---|---|
| စဥ် | အကြောင်းအရာ | စာမျက်နှာအမှတ် |
| ၁ | မြို့နယ်မြေပုံ | ၃ |
| ၂ | ကျေးရွာအုပ်စုမြေပုံနှင့် ကျေးရွာတည်နေရာ | ၄ |
| ၃ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄ | ကျေးရွာအခြေခံအချက်အလက်များ | ၅ မှ ၈ |
| ၅ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA)အကျဉ်းချုပ်ဇယား | ၉ မှ ၁၀ |
| ၆ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ | ၁၁ မှ ၂၄ |
| ၇ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | ၂၅ |
| ၈ | ကော်မတီဝင်များစာရင်း | ၂၆ |
| ၉ | ကျေးရွာအချက်အလက် (ပုံစံ-၁) | နောက်ဆက်တွဲ - က |
| ၁၀ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | နောက်ဆက်တွဲ - ခ |
| ၁၁ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | နောက်ဆက်တွဲ - ဂ |
| ၁၂ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) | နောက်ဆက်တွဲ - ဃ |
| ၁၃ | အစည်းအဝေးတက်ရောက်သူများစာရင်း (ပုံစံ-၁၂) | နောက်ဆက်တွဲ - င |
| ၁၄ | အစည်းအဝေးမှတ်တမ်းများ | နောက်ဆက်တွဲ - စ |
| ၁၅ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ | နောက်ဆက်တွဲ - ဆ |
| ၁၆ | ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Check list for VDP) | နောက်ဆက်တွဲ - ဇ |

## ၁။ မြို့နယ်မြေပုံ


တပ်ကုန်းမြို့နယ် ၊ ကျေးရွာအုပ်စု အညွှန်းပြမြေပုံ
N
W
E
S
စကေး - ၁ လက်မ = ၁.၂၅ မိုင်
ရမည်းသင်းမြို့နယ်
နတ်မောက်မြို့နယ်
ပင်လောင်းမြို့နယ်
တောင်တွင်းကြီးမြို့နယ် မကွေးတိုင်း
ဥတ္တရသီရိမြို့နယ်
ပုဗ္ဗသီရိမြို့နယ်
ဇေယျာသီရိမြို့နယ်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကားလမ်း
မီးရထားလမ်း
မြစ်ချောင်း
ရေသောက်မြောင်း
မြို့မြေပုံညွှန်း - ကြူ - ၆၇၃၄၁၂
မြို့နယ်မြေပုံညွှန်း - ကြူ - NE ००५६७७
- NW ၆၄၁၁၅၇
- SE ၉၂၀၂၈၀
- SW ၃၂၀၁၈၀
မြို့အကျယ်အဝန်း - (၁.၄၉) စတုရန်းမိုင်
မြို့နယ်အကျယ်အဝန်း - (၆၈၃) စတုရန်းမိုင်
ကျေးရွာအုပ်စု -
ကျေးရွာ -
ရပ်ကွက် - ( ၆ ) ရပ်ကွက်
ကျေးရွာအုပ်စု - ( 49 ) အုပ်စု
ကျေးရွာ - (176) ရွာ

## ၂။ ကျေးရွာအုပ်စုမြေပုံနှင့် ကျေးရွာတည်နေရာ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁ | မကျီးပင် | မကျီးပင် | |
| ၂ | မကျီးပင် | ညောင်ပင်သာကျေးရွာ | |
| ၃ | မကျီးပင် | ရှားတုန်းအိုင်ကျေးရွာ | |
| ၄ | မကျီးပင် | ရေတွင်းဖြူကျေးရွာ | |
| ၅ | မကျီးပင် | ကြို့ပင်သာကျေးရွာ | |
| ၆ | မကျီးပင် | ပျော်ရွာ | |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### က. လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) **ဗမာ** | **၅၉** | ဘာသာ(၁) **ဗုဒ္ဓ** | **၅၉** |
| လူမျိုးစု (၂)------------- | | ဘာသာ(၂)------------- | |
| လူမျိုးစုရော-------------- | | ဘာသာရော------------ | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီးအရေအတွက် |
|---|---|---|
| လူဦးရေ | **၁၁၈** | **၁၂၉** |
| ကျား/မ ဦးဆောင်သောအိမ်ထောင်စု | **၅၁** | **၈** |

**(ခ)လက်လှမ်းမီအသုံးပြုနိုင်သည့်အဆောက်အဦများ**

| **စာသင်ကျောင်း** | **ရှိ/မရှိ** | **ကျန်းမာရေး** | **ရှိ/မရှိ** | **ဘာသာရေးအဆောက်** | **ရှိ/မရှိ** |
|---|---|---|---|---|---|
| | | | | | |

| | | | | | |
|---|---|---|---|---|---|
| | | | | **အဉီ** | |
| အထက်တန်းကျောင်း | | ဆေးရုံ | | စေတီ | **(ရှိ)** |
| အလယ်တန်းကျောင်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | **(ရှိ)** |
| မူလတန်းကျောင်း | **( ရှိ )** | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြိုကျောင်း | | ဆေးပေးခန်း | | ခရစ်ယာန်ကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| အခြား | | အခြား | | အခြား | |
| *မှတ်ချက်-* | | *မှတ်ချက်-* | | *မှတ်ချက်-* | |

**(ဂ)ကျွမ်းကျင်သူများမှတ်တမ်း ၊ ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ**

| **(၁) စာသင်ကျောင်း** | | | **(၂) ကျန်းမာရေး** | | | **(၃) လက်မှုပညာရှင်** | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/ဆရာမ | | **(ရှိ)** | ဆရာဝန် | | | လက်သမား | **(ရှိ)** | |
| အထက်တန်းပြဆရာ/ဆရာမ | | | လက်ထောက်ကျန်းမာရေးမှူး | | | ပန်းရံ | **(ရှိ)** | |
| အလယ်တန်းပြဆရာ/ဆရာမ | | | အမျိုးသမီးကျန်းမာရေးဆရာမ | | | လျှပ်စစ်ဆိုင်ရာ | | |
| မူကြိုဆရာ/ဆရာမ | | | အရံသားဖွား | | | ရေပိုက်သွယ်သူ | | |
| အခြား | | | ပြည်သူ့ကျန်းမာရေးလုပ်သား(၁)/(၂) | | | စက်ပြင်ဆရာ | | |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ**

- ကျောက်ကြမ်းလမ်း ( )
- ကတ္တရာလမ်း ( )
- ကွန်ကရစ်လမ်း ( )
- မော်တော်ဆိုင်ကယ်လမ်း ( √ )
- ကျောက်ခင်းလမ်း ( )
- မြေသားလမ်း ( √ )
- လူသွားလမ်း ( )
- အခြား ( )

**(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်**

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိပါသလား ? ရှိပါသည် ( )၊ မရှိပါ ( √ )၊ မသိပါ ( ) ။

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကိုမည်သည့်ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်...........၊ မသိပါ ( √ )

(၃) ဤစီမံချက်ကိုမြို့နယ်မှအတည်ပြုခဲ့ပါသလား ? ပြုခဲ့ပါသည် ( )၊ မပြုခဲ့ပါ ( ) ၊ မသိပါ ( √ )

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ ဗဟိုမှငင်းကျေးရွာအုပ်စုဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? ( **0.၆ မိုင်** )

(၂) ဤကျေးရွာမှ ငင်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်

**ခြောက်သွေ့ရာသီတွင်ကြာချိန်**

- **ထော်လာဂျီ** **(၁၀ မိနစ်)နာရီ/မိနစ်**
- **မော်တော်ဆိုင်ကယ်** **(၁၀ မိနစ်)နာရီ/မိနစ်**
- ခြေလျှင် ( ) နာရီ/မိနစ်
- လှေ ( ) နာရီ/မိနစ်
- မော်တော်ဘုတ် ( ) နာရီ/မိနစ်
- အခြား ------------------- ( ) နာရီ/မိနစ်

**မိုးရာသီတွင်ကြာချိန်**

- **ထော်လာဂျီ** **(၁၀ မိနစ်)နာရီ၊မိနစ်**
- **မော်တော်ဆိုင်ကယ်** **(၁၀ မိနစ်)နာရီ၊မိနစ်**
- ခြေလျှင် (    ) နာရီ၊မိနစ်
- လှည်း (    ) နာရီ၊မိနစ်
- မော်တော်ဘုတ် (    ) နာရီ၊မိနစ်
- အခြား ------------------- (    ) နာရီ၊မိနစ်

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ် -**

(၁) ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းရှိပါသလား? မရှိပါ (    )၊ ရှိပါသည် ( √ )၊ မသိပါ (    ) ။ ......**၂၀၁၅ ခုနှစ်တွင်လေပြင်းတိုက်ခတ်ခြင်း** ..........................

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင် (သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများရှိပါသလား?

.............................................................

.............................................................

.............................................................


## (၅) လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်း | ၁၁.၁.၂၀၁၉ | အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ | ၆ | ၈ | ၁၄ | ကျေးရွာစတင်ဖြစ်ပေါ်လာပုံ၊ခုနှစ်နှင့်ထူးခြားဖြစ်စဉ်များ။ |
| ၂ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ၁၁.၁.၂၀၁၉ | စေတနာ့ဝန်ထမ်းအမျိုးသား၊ အမျိုးသမီး | ၆ | ၈ | ၁၄ | လမ်းပန်းဆက်သွယ်ရေးအခြေခံအနေ၊အခြေခံအဆောက်အဦးများ၊လယ်ယာမြေများ၊မြစ်ချောင်းများ၊ရေတွင်းရေကန်များ၊သစ်တောများ၊ဆည်မြောင်းများ။ |
| ၃ | ဥစ္စာဓနပိုင်ဆိုင်မှုအဆင့်များသုံးသပ်ခြင်း | ၁၁.၁.၂၀၁၉ | ပြေလည်သောအုပ်စု၊ အလယ်အလတ်အုပ်စု၊ မပြေလည်သောအုပ်စု | ၅ | ၁၀ | ၁၅ | ပိုင်ဆိုင်မှုစံနှုန်းများသတ်မှတ်ခြင်း၊ စံနှုန်းများအပေါ်အခြေခံပြီးအဆင့်၃ဆင့်တွင်ပါဝင်သောအိမ်ထောင်စုအရေအတွက်ခန့်မှန်းခြင်း၊အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများအားမှတ်တမ်းတင်ခြင်း။ |
| ၄ | ကျား-မအခန်းကဏ္ဍသုံးသပ်ခြင်း (cobweb) | ၁၁.၁.၂၀၁၉ | အမျိုးသားများ၊ အမျိုးသမီးများ | ၂၀ | ၂၅ | ၄၅ | အမျိုးသား၊ အမျိုးသမီးတန်းတူအခွင့်အရေးရရှိမှုအခြေအနေများအားဆွေးနွေးမှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ဇယား | ၁၁.၁.၂၀၁၉ | စေတနာ့ဝန်ထမ်း၊ အမျိုးသားများ၊ အမျိုးသမီးများ | ၅ | ၁၀ | ၁၅ | ရာသီဥတု၊အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများရောဂါဘယများ၊ပွဲတော်များအားဆွေးနွေးမှတ်တမ်းတင်ခြင်း။ |
| ၆ | အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်နှင့်ဗင်းကားချပ် | ၁၁.၁.၂၀၁၉ | အမျိုးသားများ၊ အမျိုးသမီးများ | ၅ | ၁၂ | ၁၇ | လူထုနှင့်ထိတွေ့ဆက်ဆံပြီးလူထုအကျိုးစီးပွါးအတွက်ဆောင်ရွက်လျှက်ရှိသောရွာအတွင်း၊ရွာပြင်ပအဖွဲ့အစည်းများအားဖေါ်ထုတ်ခြင်းနှင့်ဆက်သွယ်မှုပုံသဏ္ဍာန်ကိုကားချပ်ပေါ်တွင်မှတ်တမ်းတင်ခြင်း။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | အခက်အခဲများ (ပြဿနာများ) | ၁၁.၁.၂၀၁၅ | အမျိုးသား၊ အမျိုးသမီး | ၂၀ | ၂၅ | ၄၅ | အမျိုးသားများနှင့်အမျိုးသမီးများနေ့စဉ်လူနေမှုဘဝတွင်ကြုံတွေ့နေရသောအခက်အခဲအတားအဆီးများအားဆွေးနွေးဖေါ်ထုတ်ခြင်း။ |
| ၈ | ပြဿနာသစ်ပင် | ၁၁.၁.၂၀၁၅ | အမျိုးသမီးများ | ၅ | ၁၂ | ၁၇ | အမျိုးသမီးနှင့် အမျိုးသားများကြုံတွေ့နေရသောအခက်အခဲများမှအဓိကအခက်အခဲတစ်ခုကိုရွေးချယ်ခြင်း၊သစ်ပင်ပုံကိုအခြေခံလျှက်အကြောင်းအကျိုးဆက်စပ်ပုံဖေါ်ခြင်း။ |
| ၉ | နောင်၅နှစ်စာမျှော်မှန်းချက် | ၁၁.၁.၂၀၁၅ | အမျိုးသားများနှင့်အမျိုးသမီးများ | ၂၀ | ၂၅ | ၄၅ | အဓိကပြဿနာကိုပြေလည်စေသောအကြောင်းရင်းများအားပြေလည်စေမည့်လုပ်ငန်းများအားဖေါ်ထုတ်ခြင်း။ |
| ၁၀ | ဦးစားပေးလုပ်ငန်းများရွေးချယ်ဆုံးဖြတ်ခြင်း။ | ၁၁.၁.၂၀၁၅ | အမျိုးသား၊ အမျိုးသမီး | ၂၀ | ၂၅ | ၄၅ | ဖေါ်ထုတ်ထားသောလုပ်ငန်းများအားဦးစားပေးအဆင့်နှိုင်းယှဉ်သတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ

### ၆။ (က) ကျေးရွာသမိုင်း



ကျေးရွာ သမိုင်း

မြို့နယ် - တပ်ကုန်း

ကျေးရွာ - ရှားတုန်းအိုင်

ရက်စွဲ - ၁၁.၁.၂၀၁၆

အုပ်စု - မကျည်းပင်

| ခုနှစ် | ဖြစ်ပွားခဲ့သည့် အကြောင်းအရာ |
|---|---|
| ၁၈၆၆-ခုနှစ် | ကျေးရွာကို ဦးမင်းကျော်၊ ဦးဖိုးလွယ် တို့မှ စတင် တည်ထောင်ခဲ့ပါသည်။ |
| ၁၈၇၀-ခုနှစ် | ကျေးရွာ ဘုန်းတော်ကြီး ကျောင်း ကို စတင် တည်ထောင်ခဲ့ သည်။ |
| ၁၉၅၅-ခုနှစ် | ကျေးရွာအနီးရှိ နဝင်းချောင်း ရေကြီး၍ အိမ်ခြေ တိရိစ္ဆာန်များ မျောပါ သွားခဲ့သည်။ |
| ၁၉၆၈-ခုနှစ် | ကျေးရွာ (မ.က) ဘုန်းတော်ကြီးစာသင်ကျောင်းကို ဦးဇင်း ဥက္ကာသာဘိတ မှ စတင် တည်ထောင်ခဲ့သည်။ |
| ၁၉၈၆-ခုနှစ် | ကျေးရွာ အစိုးရ မူလတန်း ကျောင်း ကို စတင်ရရှိခဲ့ပါသည်။ |
| ၂၀၀၄-ခုနှစ် | ကျေးရွာ၏ အရှေ့ဘက်တွင် ပြည်ခိုင်ဖြိုး မှ ဦးစိုးရှိ ပြည်သူ့လူထု မှ ဝိုင်းဝန်း တည်ဆောက်ခဲ့ပါသည်။ |
| ၂၀၀၅-ခုနှစ် | သဘာဝဘေးဒဏ်ကြောင့် ရေ တံတား ပျက်စီး သွားခဲ့ပါသည်။ |
| ၂၀၁၀-ခုနှစ် | ကျေးရွာ ရွာလယ် လမ်းကို ကိုယ်ထူကိုယ်ထ အဆင့်မြှင့်တင်ခဲ့ သည်။ |
| ၂၀၁၅-ခုနှစ် | နိုင်ငံတော်မှ ကျေးရွာလမ်းကို ကျောက်လမ်းဖြင့် အဆင့်မြှင့်တင်ပေးခဲ့ပါသည်။ |
| ၂၀၁၅-ခုနှစ် | နိုင်ငံတော်မှ ကျေးရွာ အုပ်စုဖြင့် ဆက် တံတား ကို တည်ဆောက်ပေးလျက် ရှိသည်။ |

ပါဝင်သူ ကျား-၆၊ မ-၈

စုစုပေါင်း - ၁၄ ဦး


ဦးဆောင်သူ - ဦးဝေယံဦး

မှတ်တမ်းတင်သူ - ဦးသောင်းစိန်

**ရှားတုန်းအိုင်ကျေးရွာသမိုင်းသုံးသပ်ချက်**

မကျီးပင်အုပ်စုတွင်ရှိသော ရှားတုန်းအိုင်ရွာအား ၁၈၆၆ ခုနှစ်တွင် ဦးမင်းကျော်နှင့်ဦးဖိုးလွယ်တို့နှစ်ဦးမှ စတင်တည်ထောင်ခဲ့ပါသည်။ ကျေးရွာဘုန်းတော်ကြီးကျောင်းကို ၁၈၇၀ တွင်တည်ဆောက်ခဲ့ပါသည်။ ၁၉၅၅ ခုနှစ်တွင် ရွာဘေးရှိနဝင်းချောင်းရေကြီး၍ အိမ်အချို့ပျက်စီးခဲ့ပြီး တိရိစ္ဆာန်များသေဆုံးခဲ့သော်လည်း လူသေပျောက်မှုမရှိခဲ့ပါ။ ၁၉၆၈ ခုနှစ်တွင် ကျေးရွာဘုန်းတော်ကြီးသင်စာသင်ကျောင်းအား ဦးသောဘိတမှ တည်ထောင်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် အစိုးရအသိအမှတ်ပြုမူလတန်းကျောင်းရရှိခဲ့ပါသည်။ ၂၀၀၃ ခုနှစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဦးဆောင်၍ ကျေးရွာသူ/သားများနှင့်ပူးပေါင်းပြီးရွာအရှေ့ဘက်တွင်တံတားတစ်စင်းတည်ဆောက်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင်နဝင်းချောင်းရေကြီးသဖြင့်အဆိုပါတံတားမှာပျက်စီးခဲ့ရပါသည်။ ၂၀၁၀ ခုနှစ်တွင်ကျေးရွာရွာလယ်လမ်းကို ကိုယ်ထူကိုယ်ထဖြင့်ပြုပြင်ပြီးအဆင့်မြှင့်တင်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင်နိုင်ငံတော်စီမံချက်ဖြင့် ရှားတုန်းအိုင်ရွာမှ မကျီးပင်ရွာသို့သွားသော လမ်းအား ရိုစာလမ်းအဖြစ်အဆင့်မြှင့်တင်ပေးခဲ့ပါသည်။ ၂၀၁၅ ခုနှစ်အတွင်းမှာပင်မြို့နယ်ကျေးလက်ဒေ သဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြင်ဆင်ရန်လိုအပ်လျှက်ရှိသော နဝင်းချောင်းတံတားအားပြန်လည်ပြင် ဆင်ပေးခဲ့ပါသည်။

၆။ (ခ) လူမှုရေးနှင့်အရင်း အမြစ်ပြမြေပုံ





**လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်**

ရှားတုန်းအိုင်ကျေးရွာ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံကိုကြည့်ခြင်းအားဖြင့် ရွာတည်ရှိမှုနှင့်အိမ်ခြေအနေအထားမှာ စုစည်းစွာတည်ရှိနေပြီး အိမ်ခြေအများစုအား မပြေလည်သောအိမ်ထောင်စုများအဖြစ်မြင်တွေ့နိုင်ပါသည်။ ရွာမြောက်ဘက်မှ အရှေ့ဘက်သို့နဝင်းချောင်းမှပတ်လျှက်စီးဆင်းနေပြီး ချောင်းနံ

ဘေးဘက်တွင် တည်ရှိသော လယ်မြေ၊ ယာမြေများအတွက် စိုက်ပျိုးရေးရရှိနိုင်သောအရင်းအမြစ်တစ်ခုအဖြစ်တည်ရှိပါသည်။ ကျေးရွာအတွင်းတွင် သစ်ပင်နည်းပါးပြီးကျေးရွာအပြင်ဘက်တွင် သစ်ပင်ကြီးများရှိနေသည့်အတွက် ကျေးရွာအနေအထားမှာ ရေရရှိမှုခက်ခဲနိုင်ပြီး ကျေးရွာအပြင်ဘက်ရှိနဝင်းချောင်းကိုသာ အများစု မှီခိုအားထားနေရသည်ကိုတွေ့ရပါသည်။

ကျေးရွာ၏အနောက်မြောက်ဘက်တွင် ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းကိုတွေ့ရှိရပါသည်။ ကျေးရွာတွင်းရှိလမ်းများမှာ ရိုးရာလမ်းများဖြစ်ကြပြီး ဥယျာဉ်ရွာသို့အနီးစပ်ဆုံးသွားလာနိုင်ပါသည်။ ကျေးရွာအပြင်ဘက်ပတ်ပတ်လည်တွင် လယ်မြေများတွေ့ရှိရသည့်အတွက် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်သောရွာအဖြစ်တွေ့ရပါသည်။ လယ်ယာမြေတည်ရှိမှုနှင့်အိမ်ခြေတည်ရှိမှုအနေအထားမှ မျှခြေအနေအထားရှိနေသော်လည်း ရွာနောက်ဘက်အခြမ်းရှိလယ်မြေများမှာ အရှေ့ဘက်အခြမ်းရှိလယ်မြေများထက် စိုက်ပျိုးရေရရှိနိုင်ရန်အခွင့်အလမ်းနည်းသည့်အတွက်ရာသီပေါ် သီးနှံအားလုံးစိုက်ပျိုးနိုင်ရန်အတွက်အခက်အခဲရှိနိုင်သည်ကိုတွေ့ရပါသည်။

၆။ (ဂ) ဥစ္စာဓနပိုင်ဆိုင်မှု အဆင့်များသုံးသပ်ခြင်း




ဥစ္စာဓနပိုင်ဆိုင်မှုအဆင့်များအား အုပ်စုအလိုက်သုံးသပ်ခြင်း

ကျေးရွာအတွင်းရှိအိမ်ထောင်စုများအလိုက်ဥစ္စာပစ္စည်းပိုင်ဆိုင်မှုနှင့်သက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုသုံးသပ်ရာတွင် ဦးစွာပြေလည်သောအုပ်စု၊ အလယ်အလတ်အုပ်စုနှင့် မပြေလည်သောအုပ်စုသုံးစုခွဲပြီးလေ့လာပါသည်။ ရှားတုန်းအိုင်ရွာတွင်ရှိသော ပြေလည်သည့်အုပ်စုတွင် စပါးစိုက်ပျိုးမှုကိုအဓိကလုပ်ကိုင်ကြပြီး သစ်သားပျဉ်ထောင်အိမ်၊ မော်တော်ဆိုင်ကယ်၊ လယ်မြေ (၃)ဧကနှင့်အထက်၊ နွားတစ်ရှဉ်းနှင့် ကိုယ်ပိုင်ရေရနိုင်သော ရေငုတ်များပိုင်ဆိုင်ပါသည်။ အလယ်အလတ်အဆင့်ရှိသောအုပ်စုသည် စိုက်ပျိုးရေး နှင့်အခြားမွေးမြူရေးကိုပါတွဲဖက်လုပ်ကိုင်ကြပြီး ဝါး/ထရံကာသုံးပင်အိမ်၊ စက်ဘီး၊ နွားတစ်ကောင်နှင့် မြေယာ (၃) ဧကပတ်ဝန်းကျင်ပိုင်ဆိုင်ပါသည်။ မပြေလည်သောအုပ်စုတွင် ကြက် (၁) အုပ်စီပိုင်ဆိုင်မှုရှိနေပြီး နေ့စားလုပ်ကိုင်ရသော မြေယာမဲ့အုပ်စုဖြစ်ပါသည်။ သုံးပင်ဝါးထရံကာအိမ်ကိုသာပိုင်ဆိုင်ပြီး အခြားသော ပိုင်ဆိုင်မှုများရှိသည်မတွေ့ရပါ။

ရှားတုန်းအိုင်ရွာတွင် အိမ်ခြေပေါင်း (၅၉) အိမ်ရှိသည့်အနက်တွင်မှ ပထမအဆင့်ပြေလည်သောအုပ်စုတွင် အိမ်ခြေ (၉) အိမ်၊ ဒုတိယအဆင့် အလယ်အလတ်အုပ်စုတွင်အိမ်ခြေ (၂၀) နှင့် တတိယအဆင့် မပြေလည်သောအုပ်စုတွင် အိမ်ခြေ (၃၀) အသီးသီးတွေ့ရှိရသည်။

| **စဉ်** | **အုပ်စု** | **အိမ်ခြေ** | **ရာခိုင်နှုန်း** |
|---|---|---|---|
| ၁ | ပြေလည်သောအုပ်စု | ၉ | ၁၅% |
| ၂ | အလယ်အလတ်အုပ်စု | ၂၀ | ၃၄% |
| ၃ | မပြေလည်သောအုပ်စု | ၃၀ | ၅၁% |
| | **စုစုပေါင်း** | **၅၉** | **၁၀၀%** |

၆။ (ဃ) ကျား-မအခန်းကဏ္ဍ သုံးသပ်ခြင်း (cobweb)




ကျား-မအခန်းကဏ္ဍ သုံးသပ်ခြင်း (cobweb)

ရှားတုန်းအိုင်ရွာ၏ ရွာသူ/သားများ၏ ကျား၊မ အခန်းကဏ္ဍအခြေအနေများကို ကျေးရွာအစည်းအဝေးတွင်ကျား(၁၄) ဦး၊ မ(၁၇) ဦးပါဝင်သောအဖွဲ့ဖြင့် နေ့စဉ်လုပ်ရှားမှုပုံစံများမှ အကြောင်းအရာများပေါ်တွင်လွှမ်းမြိုးနိုင်မှု၊သာလွန်မှုအခြေအနေများကိုလေ့လာခဲ့ပါသည်။ ကျား၊ မ ကဏ္ဍအတွက် ကျေးရွာများ တွင်တွေ့ရှိရလေ့ရှိသော အချက် (၁၀)ချက်ဖြစ်သည့် လူမှုရေးတွင်ပါဝင်နိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊မိသားစုအတွင်းဦးဆောင်နိုင်မှု၊ဝင်ငွေရှာနိုင်မှု၊မိသားစုအပေါ်ဂရုစိုက်နိုင်မှု၊ အရင်းအမြစ်များပေါ်တွင် အသုံးချနိုင်မှု/ပိုင်ဆိုင်မှု၊ လူမှုရေးလုပ်ငန်းများတွင်ဆုံးဖြတ်ချက်ချနိုင်မှု၊ မိသားစုအားလုံခြုံစေမှု၊ ပစ္စည်းပိုင် ဆိုင်မှု၊ ပညာရေးလက်လှမ်းမီမှုအကြောင်းများကိုလေ့လာခဲ့သည်။

တွေ့ရှိရသောရလာဒ်အရ ပညာရေးလက်လှမ်းမီမှုတွင် အမျိုးသား၊ အမျိုးသမီးတို့အတွက်တန်းတူလက်လှမ်းမီနိုင်သည်။ ဥစ္စာပစ္စည်းပိုင်ဆိုင်မှုတွင် အမျိုးသမီးများက အမျိုးသားများထက်ပိုမိုသာလွန်ပြီး၊ ကျန်သော လူမှုရေးတွင်ပါဝင်နိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိမှု၊ မိသားစုအတွင်းဦးဆောင်နိုင်မှု၊ ဝင်ငွေရှာနိုင်မှု၊ မိသားစုအပေါ်ဂရုစိုက်နိုင်မှု၊ အရင်းအမြစ်များပေါ်တွင်အသုံးချနိုင်မှု/ပိုင်ဆိုင်မှု၊ လူမှုရေးလုပ်ငန်းများ တွင်ဆုံးဖြတ်ချက်ချနိုင်မှု၊ မိသားစုအားလုံးခြုံစေမှု အပိုင်းများတွင် အမျိုးသားများကသာပိုမိုလွှမ်းမိုးထားသည်ကိုတွေ့ရပါသည်။

ထို့ကြောင့် ရှားတုန်းအိုင်ရွာတွင် အများနှင့်ပူးပေါင်းဆောင်ရွက်ပြီး ဆုံးဖြတ်ချက်ချနိုင်သည်လုပ်ငန်းများတွင် အမျိုးသားများကလွှမ်းမိုးမှုအားကောင်းပြီး အိမ်တွင်ဥစ္စာပစ္စည်းစီမံခန့်ခွဲမှုကဏ္ဍတွင် ပိုမိုသာလွန်ကြောင်းတွေ့ရှိရသည်။

၆။ (င) ရာသီခွင်ဇယား



## ရာသီခွင်ဇယားအားသုံးသပ်ခြင်း


ကျေးရွာရာသီခွင်ဇယားအားသုံးသပ်ရာတွင် အဓိကစိုက်ပျိုးသီးနှံ၊ တိရစ္ဆာန်ရောဂါကျရောက်မှု၊ စိုက်ပျိုးရေရရှိမှု၊ ဘာသာရေးပွဲတော်များ၊ ကျန်းမာရေး၊ ဝင်ငွေရရှိမှု၊ ရွှေ့ပြောင်းလုပ်ကိုင်မှုနှင့်ရာသီဥတုအခြေအနေများကိုလေ့လာခဲ့ပါသည်။

စိုက်ပျိုးသီးနှံများတွင် အဓိကအားဖြင့် စပါး၊ ခရမ်းချဉ်သီး၊ ငရုတ်သီးစိုက်ပျိုးခြင်းများကိုတွေ့ရပါသည်။ စပါးကို မိုးကောင်းသောက်အနေဖြင့် ဝါဆို၊ ဝါခေါင်လများတွင်စိုက်ပျိုးပြီး နတ်တော်လတွင်ပြန်လည်ရိတ်သိမ်းပါသည်။ ခရမ်းချဉ်ကိုမူ နှစ်ကြိမ်စိုက်ပြီး ပထမအကြိမ်ကို ကဆုန်နှင့်နယုန်လတွင်စိုက်ပျိုးပြီး ဝါခေါင်လတွင်ပြန်ခူးပါသည်။ ဒုတိယအကြိမ်အဖြစ် တန်ဆောင်မုန်းလတွင်စိုက်ပြီး ပြာသိုလတွင်ပြန်လည်ခူးဆွတ်ပါသည်။ ငရုတ်စိုက်ပျိုးမှုကို ကဆုန်နှင့်နယုန်လများတွင် ပြန်လည်စိုက်ပျိုးပြီး ဝါခေါင်လတွင်ပြန်လည်ခူးဆွတ်ပြီး တစ်နှစ်လျှင်စိုက်ပျိုးမှုတစ်ကြိမ်သာပြုလုပ်သည်။

တိရစ္ဆာန်ရောဂါကျရောက်မှုအနေဖြင့် ကျွဲနွား ခွာနာလျှာနာနှင့် ဝက်တုပ်ကွေးရောဂါကျရောက်မှုများကိုတွေ့ရပါသည်။ ရောဂါကျရောက်မှုအား ပုံသေတွက်ယူ၍မရသော်လည်း ခွာနာလျှာနာရောဂါအား နယုန်လနှင့်တုပ်ကွေးရောဂါအား ပြာသိုလများတွင်အဖြစ်များတတ်ကြောင်း ကျေးရွာအတွေ့အကြုံအရသိရသည်။ စိုက်ပျိုးရေရရှိမှုမှာ နယုန်လတွင် ဆည်ရေနှင့် ဝါဆို၊ ဝါခေါင်လများတွင် မိုးရေကိုစိုက်ပျိုးရေးပြုလုပ်ရန်အတွက် အဓိကရရှိပါသည်။

ဘာသာရေးပွဲတော်များအနေဖြင့် သင်္ကြန်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲ၊ ကထိန်ပွဲနှင့်စုပေါင်းပဌာန်းပွဲများကျင်းပခြင်းများကိုဆောင်ရွက်လေ့ရှိကြောင်းတွေ့ရသည်။ ကျန်းမာရေးကဏ္ဍတွင် ကဆုန်၊ နယုန်လများတွင် ရောဂါများအဖြစ်များပြီး ကျန်ကာလများတွင် ရောဂါဖြစ်ပွားမှုနှုန်းမရှိသလောက်နည်းပါသည်ကိုတွေ့ရပါသည်။ ဝင်ငွေရရှိမှုအကောင်းဆုံးလများမှာ ဝါခေါင်လနှင့်ပြာသိုလများဖြစ်ပြီး ကျန်လများတွင်လုပ်ငန်းပေါ်မူတည်သော ပုံမှန်ဝင်ငွေမဟုတ်သည့်ဝင်ငွေကိုသာရရှိပါသည်။ ရာသီဉတုအခြေအနေမှာ မိုးနည်းပြီး ပူပြင်းခြောက်သွေ့သောအချိန်ကာလပိုမိုများပြားသည်ကိုတွေ့ရပါသည်။

## ၆။ (စ) အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက် (ဗင်းကားချပ်)





## အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်အားသုံးသပ်ခြင်း

ရှားတုန်းအိုင်ကျေးရွာတွင်တွေ့ရှိရသော အဖွဲ့အစည်းများအားလေ့လာရာတွင် လူမှုရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ဖွံ့ဖြိုးရေးအဖွဲ့အဖြစ် သုံးမျိုးတွေ့ရှိရသည်။ ကျေးရွာလူထုအတွက်သာရေး နာရေးအဖွဲ့မှာ အားအကောင်းဆုံးဖြစ်ပြီးအမျိုးသမီးအဖွဲ့၊ကာလသားအဖွဲ့နှင့် ဂေါပကအဖွဲ့များနှင့်ပါပူးပေါင်းမှုအားကောင်းလျှက်ရှိသည်ကိုတွေ့ရသည်။ အုပ်ချုပ်ရေးအဖွဲ့သည် မိခင်နှင့်ကလေး၊ အမျိုးသမီးရေး ရာ၊ မီးသတ်အစရှိသည် အုပ်ချုပ်ရေးလုပ်ငန်း နီးနွယ်သောအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။ တစ်ဖက်တွင်လည်းကျောင်းကော်မတီနှင့် လူထုဗဟိုပြုစီမံကိန်းကော်မတီအဖွဲ့များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျှက်ရှိပါသည်။ ထူးခြားချက်အနေဖြင့် သာရေးနာရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ဖွံ့ဖြိုးရေးအဖွဲ့များကြားပေါင်းစပ်မှုအားနည်းပြီး အုပ်ချုပ်ရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း များကို သီးခြားစီအသွင်ဖြင့် ဆောင်ရွက်နေကြသည်ကိုတွေ့ရပါသည်။ ထို့ကြောင့်ကျေးရွာတွင်းတွင် လုပ်ငန်းလိုအပ်ချက်တိုင်းအတွက် ဆောင်ရွက်နိုင်သောအဖွဲ့များရှိနေသော်လည်း ပူးပေါင်းဆောင်ရွက်မှုအားနည်းသည်ကိုတွေ့ရပါသည်။

ကျေးရွာပြင်ပတွင်ရှိသောအဖွဲ့များအနေဖြင့် မြို့နယ်ထွေ/အုပ်၊ ကျေးလက်ဦးစီးဌာနနှင့် ပြည်ခိုင်ဖြိုးပါတီတို့မှ ကျေးရွာတွင်းရှိအဖွဲ့အချို့နှင့်ထိစပ်လျှက်ရှိကြောင်းတွေ့ရသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည်မြို့နယ်ထွေထွေအုပ်ချုပ်ရေးအဖွဲ့နှင့်လည်းကောင်း၊လူထုဗဟိုပြုစီမံကိန်းကော်မတီသည် ကျေးလက်ဦးစီး ဌာနနှင့်လည်းကောင်း၊ ပြည်ခိုင်ဖြိုးပါတီသည် ကျေးရွာလူထုနှင့်လည်ကောင်းအသီးသီး ထိတွေ့နေ

သည်ကို တွေ့ရပါသည်။ ထို့ကြောင်း ကျေးရွာဖွံ့ဖြိုးရေးအတွက် ဌာနများနှင့်လည်းချိတ်ဆက်ဆောင်ရွက်ရမှုများရှိ နေသည်ကိုတွေ့ရပြီး လူထုဗဟိုပြုစီမံကိန်းကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ယခုထက်ပိုမို ပေါင်းစပ်ပြီး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ပါသည်။

**၆။ (ဆ) အခက်အခဲများ (ပြဿနာများ)**




ကျေးရွာဖွံ့ဖြိုးရေးအတွက် အခက်အခဲ အတားအဆီးများ

ကျေးရွာ - ရှားတုန်းအိုင်
အုပ်စု - မကျီးပင်
မြို့နယ်- တပ်ကုန်း
ရက်စွဲ - ၁၁.၁.၂၀၁၆

| စဉ် | အမျိုးသားအဖွဲ့မှ တင်ပြလာသော အခက်အခဲ | စဉ် | အမျိုးသမီးအဖွဲ့မှ တင်ပြလာသော အခက်အခဲ |
|---|---|---|---|
| ၁ | လျှပ်စစ်မီး မရရှိခြင်း | ၁ | လျှပ်စစ်မီး မရရှိခြင်း |
| ၂ | ကျောင်းခြံစည်းရိုး မရှိခြင်း | ၂ | ကျောင်းခြံစည်းရိုး မရှိခြင်း |
| ၃ | စာကြည့်တိုက် မရှိခြင်း | ၃ | စာကြည့်တိုက် မရှိခြင်း |
| ၄ | လမ်းအဆင့်မြှင့်တင်ရန်လိုအပ်ခြင်း | ၄ | လမ်းအဆင့်မြှင့်တင်ရန်လိုအပ်ခြင်း |

ပါဝင်ရေးဆွဲသူ ကျ-၁၇၊ မ-၄၀
စုစုပေါင်း ၅၇ ဦး
ဦးဆောင်သူ - ဦးဝေယံဦး
မှတ်တမ်းတင်သူ - ဦးသောင်းစိန်

### ၆။ (ဇ) ပြဿနာသစ်ပင်နှင့်သုံးသပ်ချက်



## ပြဿနာသစ်ပင်သုံးသပ်ခြင်း


ကျေးရွာအခက်အခဲများနှင့်ပြဿနာများဆွေးနွေးဖော်ထုတ်ရာတွင် ကျားနှင့်မ ဖော်ထုတ်လာသော အခက်အခဲများမှာ တူညီမှုများရှိနေသည့်အတွက် ပြဿနာသစ်ပင်အား ကျား၊မ မခွဲခြားဘဲရေးဆွဲခဲ့ရပါသည်။ ကျေးရွာတွင်လက်ရှိကြုံတွေ့နေရသော အဓိကပြဿနာမှာ အရင်းအမြစ်မြေပုံတွင် သုံးသပ်ခဲ့သည့် အတိုင်း ကျေးရွာတွင် သစ်ပင်ရှားပါးပြီး လျှပ်စစ်မီးမရှိသည့်အတွက်သဘာဝ လောင်စာဖြစ်သော ထင်းကိုသာအဓိကသုံးစွဲနေရပါသည်။

သဘာဝလောင်စာထင်းကိုအဓိကထားသုံးစွဲနေရသည့် အဓိကပြဿနာကိုဖြစ်စေသောအကြောင်းအရာကိုအတူတကွလေ့လာရာတွင် အခြေခံအကြောင်းအရင်းအဖြစ် လျှပ်စစ်မီးသွယ်တန်းရန် ရန်ပုံငွေမရှိခြင်း၊ နည်းပညာပံ့ပိုးပေးမည့်အဖွဲ့အစည်းများမရှိခြင်း၊ သစ်ပင်ခုတ်လှဲမှုများပြားခြင်း၊ လောင်စာရနိုင်သော အရင်းအမြစ်နည်းပါးခြင်းစသည့်အကြောင်းတရားများကြောင့် သဘာဝလောင်စာဖြစ်သောထင်းကိုရယူသင့်သည်ထက်ပိုမိုသုံးစွဲရသည့်အခြေအနေဖြစ်လာသည်။ သဘာဝလောင်စာထင်း၊ မီးသွေးများသည် ချက်ပြုတ်ရန်အတွက်သာ အကျိုးပြုသည့်အတွက် အလင်းရောင်ရရှိမှုပိုင်းတွင်များစွာအားနည်းရာ ကျောင်းသူ/သားများ ညဘက်တွင်စာကျက်ရန်လျှပ်စစ်မီးမလုံလောက်ခြင်း၊ တစ်နိုင်တစ်ပိုင်အသေးစားစက်မှုလုပ်ငန်းများမဖွံ့ဖြိုးနိုင်ခြင်း၊ ခြောက်သွေ့ရာသီရောက်လာသည့်အတွက် မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း၊ သစ်ပင်များပြုန်းတီးလာခြင်းဟူသော အကျိုးဆက်များ ဆက်ဖြစ်လာပါသည်။


ဆက်လက်ပြီး အကျိုးဆက်များအား ကိုဖော်ထုတ်ရာတွင် ပညာရေးကိုလက်လှမ်းမီနိုင်မှုရှိနေသော်လည်း ကျောင်းသူ/သားများပညာရေးတိုးတက်မှုနှောင့်နှေးနေခြင်းနှင့် တစ်ဘက်တွင် သစ်ပင်များပြုန်းတီးသွားသည့်အတွက် ရာသီဥတုဖောက်ပြန်မှုများရှိလာခြင်းနှင့် ရေရရှိနိုင်သောအရင်းအမြစ်များလျော့နည်းသွားသည်အထိတွေ့ရပါသည်။ ထို့ကြောင့် သဘာဝလောင်စာကိုအစားထိုးနိုင်ရန်အတွက် လျှပ်စစ်မီးသွယ်တန်းရန်လိုအပ်ကြောင်း ပြဿနာသစ်ပင်ဖော်ထုတ်သော အမျိုးသမီးနှင့် အမျိုးသားများကတင်ပြလာပါသည်။

ထို့ကြောင့် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပါက ကလေးများကောင်းစွာညဘက်စာကျက်နိုင်ခြင်း၊ သစ်ပင်များခုတ်လှဲရန်မလိုအပ်ခြင်း၊ အသေးစားလျှပ်စစ်သုံးတစ်နိုင်တစ်ပိုင်လုပ်ငန်းများလုပ်ကိုင်နိုင်ခြင်း၊ မီးဘေးအန္တရာယ်လျော့ချနိုင်ခြင်းစသည့် အကျိုးရလာဒ်များကိုရရှိနိုင်ကြောင်းတွေ့ရပါသည်။

### ပုံ။ (ဈ) နောင် ၅ နှစ်စာမျှော်မှန်းချက်




### ပုံ။ (ည) ဦးစားပေးအစီအစဥ်ပြဇယား (Matrix Ranking)



**ဦးစားပေးအစီအစဉ်ပြဇယားအားသုံးသပ်ခြင်း**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အမျိုးသားများနှင့်အမျိုးသမီးများမှ ကျေးရွာအခက်အခဲများကို တူညီစွာတင်ပြလာရာ တင်ပြလာသည့်လုပ်ငန်းများအား အားလုံးသဘောထားဖြင့် အမှတ်ပေးပြီးအ ကဲဖြတ်ခဲ့ပါသည်။ စုစုပေါင်းတင်ပြလာသော ကျေးရွာအခက်အခဲ (၄) မျိုးရှိပြီး ၎င်းတို့မှာ (၁) လျှပ်စစ်မီး (၂) စာကြည့်တိုက် (၃) လမ်းနှင့် (၄) ကျောင်းခြံစည်းရိုးလုပ်ငန်းများဖြစ်ပါသည်။ အမှတ်များပေးရာတွင် အားလုံးပါဝင်သဘောထားပေးနိုင်သည့် Matrix Ranking နည်းကိုအသုံးပြုခဲ့သည်။

အမှတ်ပေးဆုံးဖြတ်ရာတွင် လုပ်ငန်းများနှိုင်းယှဉ်ပြီး ကျေးရွာအတွက် အမှန်တကယ်အလိုအပ်ဆုံးကိုစဉ်းစားရွေးချယ်စေခဲ့ပါသည်။ ပါဝင်အမှတ်ပေးသူများမှလည်း သေချာစွာရွေးချယ်ပြီး လုပ်ငန်းနှိုင်းယှဉ်ချက်ကို ရွေးချယ်ခဲ့ရာ လျှပ်စစ်မီးမှ (၃) မှတ်ဖြင့် အဆင့်(၁)၊ ကျောင်းခြံစည်းရိုးမှ (၂) မှတ်ဖြင့် အဆင့်(၂)၊ စာကြည့်တိုက်မှ (၁) မှတ်ဖြင့်အဆင့် (၃)နှင့် ရိစာလမ်းမှ (၀) မှတ်ဖြင့် အဆင့်( ၄) ရရှိလာရာ လျှပ်စစ်မီးမှာ ကျေးရွာအတွက် လိုအပ်ချက်အရှိဆုံးသောလုပ်ငန်းအဖြစ် အတည်ပြုနိုင်ခဲ့ပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ













## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ရာထူး (ကျေးရွာအဆင့်) | ရာထူး (အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးသောင်းစိန် | စီ/ထောက်ဥက္ကဌ | ဘဏ္ဍာရေးဆပ်ကော်မတီ-ဥက္ကဌ |
| ၂ | ဒေါ်ညိုညိုလှိုင် | စီ/ထောက်ဥက္ကဌ | အုပ်စုစာရင်းကိုင် |
| ၃ | ဒေါ်ခင်စန်းဝင် | စောင့်ကြည့်ကြီးကြပ်-ဥက္ကဌ | |
| ၄ | ဒေါ်ဝါဝါခိုင် | စောင့်ကြည့်ကြီးကြပ်-အဖွဲ့ဝင် | |
| ၅ | ဒေါ်ထားခင် | စောင့်ကြည့်ကြီးကြပ်-အဖွဲ့ဝင် | |
| ၆ | ဦးမျိုးမင်းအောင် | ဝယ်ယူရေး-ဥက္ကဌ | |
| ၇ | ဦးမြင့်ဇော် | ဝယ်ယူရေး-အဖွဲ့ဝင် | |
| ၈ | ဒေါ်ဥမ္မာ | ဝယ်ယူရေး-အဖွဲ့ဝင် | |
| ၉ | ဦးတင်ငွေ | လည်ပတ်ထိန်သိမ်းရေး-ဥက္ကဌ | |
| ၁၀ | ဒေါ်ခင်မျိုးဦး | လည်ပတ်ထိန်းသိမ်းရေး-အဖွဲ့ဝင် | |
| ၁၁ | ဒေါ်အေးအေးဝင်း | လည်ပတ်ထိန်းသိမ်းရေး-အဖွဲ့ဝင် | |
| ၁၂ | ဦးမင်းအောင် | စေတနာ့ဝန်ထမ်း | |
| ၁၃ | ဒေါ်ခင်စန္ဒာ | စေတနာ့ဝန်ထမ်း | |
| ၁၄ | ဦးမောင်ရှို | အကြံပြုတိုင်ကြားရေး | |
| ၁၅ | ဒေါ်ခင်သင်းလှိုင် | အကြံပြုတိုင်ကြားရေး | |
| ၁၆ | ဦးမြင့်အောင် | ဘဏ္ဍာရေးစာရေး | အုပ်စုဘဏ္ဍာရေးအဖွဲ့ဝင် |

၁၅။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄)ခြားနားသောအပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ်မှုရင်းအားVPSCတွင်ထားရှိရပါမည်။အခြားဌာနဆိုင်ရာများနှင့်ညှိနှိုင်းရန်အတွက်မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS data အနေဖြင့်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူ့ဦးစားပေးလဲ | လ/နှစ် | ကျေးရွာမှတာဝန်ခံသူ သို့မဟုတ်အုပ်စု | ငွေပံ့ပိုးမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | စာကြည့်တိုက် | မ ( √ )<br>ကျား( √ ) | ၂၀၁၈ | ကျေးရွာစီ/ထောက် | World Bank |
| | ၂ | လမ်း | မ ( )<br>ကျား( ) | ၂၀၁၉ | ကျေးရွာသူ/သားများ | ငွေပံ့အလှူရှင် |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်း ကြောင်းမှု/စိုက်ပျိုးရေး | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့်အဟာရ | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ပညာရေး | ၁ | ကျောင်းခြံစည်းရိုး | မ ( √ )<br>ကျား(√ ) | ၂၀၁၇ | ကျေးရွာစီ/ထောက် | World Bank |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| [illegible] | ၁ | လျှပ်စစ်မီး | မ (√ )<br>ကျား(√ ) | ၂၀၁၆ | ကျေးရွာစီ/ထောက် | World Bank |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

၁၆။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု(Checklist For VDP)

အရည်အသွေးထိန်းချုပ်သူအမည် -

(၁) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်စာရွက်စာတမ်းပြည့်စုံမှုကိုစစ်ဆေးပါ (OM အရ)

- ○ မျက်နှာဖုံး (အဖုံး)
- ○ မာတိကာ
- ○ ကျေးရွာအခြေခံအချက်အလက်များ
- ○ လူမှုဆန်းစစ်ခြင်းအကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များ၏အခက်အခဲများ
- ○ ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့်နောင်လေးနှစ်အတွက်ဦးစားပေးလုပ်ငန်းများ စာရင်း (အခြေခံအဆောက်အဦ၊အသက်မွေးမှုပညာရေး၊လူမှုရေးထိန်းသိမ်းမှုစသည်ဖြင့်)

နောက်ဆက်တွဲများ

- ○ လူမှုရေးအကဲဖြတ်မှုစာရွက်စာတမ်းဓါတ်ပုံနှင့်PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)
- ○ မြေပုံများပါရမည်၊စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊Venn ပုံ
- ○ ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမှတ်တမ်းမိတ္တူ
- ○ ကျေးရွာ၏အချက်အလက် (PC-1)
- ○ ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (VDP) ကိုစစ်ဆေးပါ။

- ○ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်ပါဝင်သောလူဦးရေ(အမျိုးသား/အမျိုးသမီး)
- ○ လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အတွက်အသုံးပြုသည့်ရက်ပေါင်း
- ○ PRA ပစ္စည်းများအသုံးပြုသည့်အရေအတွက်
- ○ ပါဝင်သောဦးရေနှင့်လုပ်ငန်းများမှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊အဖွဲ့ဓါတ်ပုံ၊တိုင်းရင်းသားလူနည်းစုနှင့်ထိခိုက်လွယ်သောအဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- ○ လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့်အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ်အားခွဲခြားပေးထား သလား
    - ရှိ/မရှိ

- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)
- PRA နှင့်သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက်(အမျိုးသား/အမျိုးသမီးရွေးချယ်မှု အရေအတွက်)